# ၁၉၆၄ ခုနှစ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၇။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီအက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ၁၉၅၀ ပြည့်နှစ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ အက်ဥပဒေကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(၂) ယင်းသို့ ရုပ်သိမ်းသည့်အခါ—

(က) မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

(ခ) အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီနှင့် ဒေသန္တရကောင်စီများပိုင် ပစ္စည်းအားလုံးသည်၊ အစိုးရပိုင် ပစ္စည်းများဖြစ်ရမည့်ပြင်၊ထိုကောင်စီများ၏ကြွေးမြီတာဝန်အားလုံးကိုလည်း၊အစိုးရက ဆက်ခံရမည်။

၃။ ။ဤဥပဒေစတင်အာဏာတည်သည့်အချိန်မှစ၍၊ အစိုးရသည်၊ အဆိုပါ အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ အက်ဥပဒေအရဖွဲ့စည်းခဲ့သည့် အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ၏ အာဏာနှင့် တာဝန်ဝတ္တရားများကို ဆက်လက် သုံးစွဲဆောင်ရွက်ရမည်။